
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 1951 - 1970)
စာစဉ်–၁၀၀

သိုင်းပါရဂူ
စာစဉ် ( ၁၀၀ )
အပိုင်း ( ၁၉၅၁ )

သူ အရင်တုန်းက အရိုးခေါင်းမိစ္ဆာကို သံစဥ္ကိုးပါး နန်းတော်သခင်နှင့် ချန်ဒီခန်းမမှ ကျင့်ကြံသူများ အားလုံး နေရာရွှေ့ပြောင်းရန်အတွက် အမိန့်ပေးခဲ့၏။ ကြောင်နက်ကြီးကိုတော့ ဆေးခန်းမနှင့် ဝမ်ပေါင်လူ အဆောက်အဦးကိုလွှတ်ကာ ဝမ်ချီမင်တို့ထံသို့ ကျင့်ကြံခြင်း အရင်းအမြစ်များကို ပို့ဆောင်ပေးစေခဲ့သည်။

တစ်ချိန်ထဲမှာပင် မိုကာအား သွေးအင်းဆက်နတ်ဆိုးနှင့် မဟာကရဏာမဲ့ အဘိုးအို တို့ကို ရှာဖွေရန် စေလွှတ်၏။

ကျန်နေရာ နှစ်ခုလုံးတွင် အခြေအနေများ ကောင်းမွန်ခဲ့သော်လည်း သွေးအင်းဆက် နတ်ဆိုးဘက်တွင်တော့ ပြဿနာရှိနေခဲ့သည်။ မိုကာသည် သွေးအင်းဆက်နတ်ဆိုး၏ ခြေရာလက်ရာများကို ရှာတွေ့ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ချင်းချန် သွေးအင်းဆက်နတ်ဆိုး အပေါ်ကို အလွန်စိုးရိမ်နေခဲ့ရ၏။

" ဟုတ်ပါတယ် မော်ဆေးပညာရှင်ချန်၊ ငါတို့က အကြီးအကဲ သွေး

အင်းဆက် နတ်ဆိုးရဲ့ အမိန့်နဲ့ ဒီနေရာကို ရောက်လာကြတာပဲ "

ရှားဂူယ ထပ်မံ၍ ပြောလိုက်၏။

ချင်းချန် သူ၏ လက်ကိုပွေ့ရမ်းလိုက်ပြီး ...

" အခုချိန်ကစပြီး ငါ့ကို မှော်ဆေးပညာရှင်ချန်လို့ ခေါ်စရာမလိုဘူး၊ သခင်လေးချန်လို့ပဲ ခေါ်ရင်ရပြီ၊ ငါ့ရဲ့လက်ရှိ နာမည်က ချန်ချင်းပဲ "

ပြဿနာအချို့အရာတွေကို ရှောင်ရှားရန်အတွက် ချင်းချန် သူ၏ နာမည်ကို ပြောင်းပြန်လှန်ကာ အသုံးပြုခဲ့ခြင်းဖြစ်၏။

" ကောင်းပါပြီ သခင်လေးချန် "

ထို့နောက် ရှားဂူယ အဖြစ်အပျက်ကို ထပ်မံ၍ ရှင်းပြလိုက်သည်။

ပြည်ထောင်တစ်ရာတွင် ချန်ဒီခန်းမက အလွန်တိုးတက်ကြီးမား လာပြီးတော့ ပြည်ထောင်တစ်ရာ အတွင်းရှိ အဓိကအင်အားစုကြီးများ၏ အာရုံစိုက်ခြင်းကို ခံခဲ့ရ၏။ ထို့နောက် ပါရမီရှင်ပေါင်း မြောက်များစွာက ချန်ဒီခန်းမသို့ ဝင်ရောက်လာကြသည်။ ပြည်ထောင် တစ်ရာထဲတွင် အပါအဝင်ဖြစ်သော ရှားပြည်ထောင်ကလည်း ချန်ဒီခန်းမ၏ လက်အောက်ခံအဖြစ် ဝင်ရောက်ခဲ့၏။

ထိုပါရမီရှင်များထဲတွင် ရှားဂူယတို့အဖွဲ့က ကောင်းကင်ဘုံ နတ်ဆိုးနယ်မြေထဲသို့ ဝင်ရောက်ခဲ့သူများ ဖြစ်သဖြင့် သူတို့၏ ကျင့်ကြံအဆင့်က တဟုန်ထိုးကို ခုန်ပြန်ကျော်လွှား တိုးတက်လာသည်။

နောက်ပိုင်းတွင် သွေးအင်းဆက်နတ်ဆိုးသည် ချင်းချန်၏ အမိန့်အရ သူတို့အားလုံးကို မြောက်ပိုင်းကောင်းကင်နယ်မြေသို့ ခေါ်ဆောင်လာ၏။ ချန်ဒီခန်းမကို မြောက်ပိုင်းကောင်းကင်နယ်မြေ ဆေးလုံးမြို့တော်တွင် တည်ဆောက်ပြီးနောက် သူတို့အားလုံး ထိုနေရာတွင် ကျင့်ကြံကြ

တော့သည်။

နောက်ပိုင်းတွင် ချင်းချန်၏အမိန့်အရ သွေးအင်းဆက် နတ်ဆိုးနှင့် မဟာကရဏာမဲ့ အဘိုးကြီး ဒီဘိုင်တို့က မြောက်ပိုင်းကောင်းကင်နယ်မြေနှင့် သိုင်းကုန်းမြေတိုက်ကြီးကြား အချိတ်အဆက်များ ပြုလုပ်ရန်အတွက် လူများစွာကို လိုအပ်လာသည်။

ကံကောင်းထောက်မစွာဖြင့် ရှားဝူယတို့အဖွဲ့က ရွေးချယ်ခံရသည့် လူအုပ်စုထဲတွင် ပါဝင်သွား၏။

သိုင်းကုန်းမြေတိုက်ကြီးတွင် ရှားဝူယတို့အဖွဲ့သည် ဆေးခန်းမနှင့် ဝမ်ပေါင်လူ အဖွဲ့အစည်းမှ အရင်းအ မြစ်များကို ရယူ၍ သူတို့၏ ကျင့်ကြံခြင်းအား ခုန်ပျံကျော်လွှားကာ ထပ်မံ၍ တိုးတက်လာပြီး သိုင်းဧကရာဇ်နယ်ပယ်ကို ဖြတ်ကျော်နိုင်ခဲ့သည်။

သို့သော် လွန်ခဲ့သည့် တစ်နှစ်ကျော်က သွေးအင်းဆက်နတ်ဆိုးနှင့် မဟာကရဏာမဲ့အဘိုးကြီး ဒီဘိုင်တို့က ကြောက်စရာကောင်းသော အရာတစ်ခုကို သိရှိခဲ့ရသည်။ ထိုအရာက တရားဥပဒေ စိုးမိုးရေး ခန်းမသည် ချန်ဒီခန်းမက လူများကို လျှို့ဝှက်စွာ စုံစမ်းနေသော ကိစ္စဖြစ်၏။

သွေးအင်းဆက် နတ်ဆိုးသည် ချက်ချင်းပင် နိုးနိုး ကြားကြား ဖြစ်သွားပြီး သိုင်းကုန်းမြေတိုက်ကြီးရှိ ချန်ဒီခန်းဌာနခွဲကို ချက်ချင်းဖျက်သိမ်းကာ ကြိုတင်ကြံစည်မှုများကို စတင်လုပ်ဆောင်တော့သည်။

သို့သော် တရားဥပဒေ စိုးမိုးရေးခန်းမ၏ နည်းစနစ်များက အလွန်အားကောင်းလွန်းလှသဖြင့် ပုန်း အောင်းရန် ပြုလုပ်သည့် အစီအစဥ်များ မချောမွေ့ခဲ့ပေ။ ရွေးချယ်စရာမရှိပဲ သွေးအင်းဆက်နတ်ဆိုးနှင့် မဟာဂရဏာမဲ့ အဘိုးကြီး ဒီဘိုင်တို့ ချက်ချင်း အဆက်အသွယ် ဖြတ်တောက်ကာ လူစုခွဲ၍ ထွက်ပြေးကြရတော့၏။ သို့သော် သူတို့အားလုံး မထွက်ပြေးခင်

တွင် အရံအစီအစဥ်ကို ချမှတ်ခဲ့သည်။ အရံအစီအစဥ်တွင် တစ်ယောက်နှင့် တစ်ယောက် အဆက်အသွယ်ပြတ်သွားပါက လိုင်ကျိုးမြို့တော်ရှိ မိုးကြိုးပင်လယ် တိုင်လီမြို့တွင် အကုန်လုံးပြန်လည်စုစည်းကြမည်ဟု သတ်မှတ်ထားခဲ့ကြသည်။

ရှားဝူယနှင့် သူမ၏ အစ်ကိုရှားဝူရှန်တို့က အခြားတပည့်များနှင့်အတူ မိုင်ထောင်ပေါင်းများစွာဝေးသော တိုင်လီမြို့တော်သို့ ချက်ချင်း ထွက်ခွာလာခဲ့ကြ၏။

သို့သော် သူတို့အားလုံး လိုင်ကျိုးမြို့တော်သို့ ရောက်ရှိလာသည့် အချိန်တွင် ဓါးပြများ၏ လုယက်ဖမ်းဆီးမှုကို ခံခဲ့ရပြီး ကျွန်များအဖြစ် တိုင်လီမြို့တော်တွင် ရောင်းစားခံခဲ့ရသည်။

ရှားဝူယသည် လွန်ခဲ့သည့် သုံးလကမှ လန်ကျောင်းကုန်သည်ကြီးများ အသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

ထို့နောက် သူမ လန်ကျောင်း ကုန်သည်ကြီးများအသင်း ဒုဂိုဏ်းချုပ်၏ သမီးရှောင်းယင်ရဲ့ ကျွန်တစ်ယောက် ဖြစ်လာသည်။

ဖမ်းဆီးခံရချိန်တွင် ရှားဝူယတို့ သူမတို့၏ နာမည်ကို တစ်ခြားနာမည် ပြောင်းလဲ အသုံးပြုခဲ့ကြကာ ချန်ဒီခန်းမနှင့် ပတ်သက်၍ မည်သည့်အရာမှ ထုတ်ဖော်ပြသခဲ့ခြင်း မရှိပေ။

သူမတို့ လွတ်မြောက်ရန် နည်းစနစ်ကိုသာ တွေးနေခဲ့၏။

သူမ လန်ကျောင်း ကုန်သည်ကြီးများ အသင်းတွင်ရှိစဥ် ရှောင်းယင်၏ ရက်စက်စွာ နှိပ်စက်ခြင်းကိုလည်း အကြိမ်ပေါင်းမြောက်များစွာ ခံခဲ့ရသည်။ ကံကောင်းထောက်မစွာဖြင့် သူမ လိုင်ကျိုးမြို့တော်တွင် တပည့်များ ဖမ်းဆီးခံရချိန် သူမ၏ မျက်နှာကို ကိုယ်တိုင်ဖျက်ဆီးခဲ့ခြင်းဖြစ်၏။ ထိုသို့

သာ မဟုတ်ပါက သူမ ယခုအချိန်တွင် အစော်ကားခံရမည်မှာ ကျိန်းသေသည်။

" ဒါ ငါ့ရဲ့အမှားပဲ၊ အရာအားလုံးက ငါ့ရဲ့အမှားပဲ "

ချင်းချန် ရှားဝူယပြောပြသော အချက်များကို နားထောင်ရင်း သူ၏ တစ်ကိုယ်လုံး တုန်ခါလာကာ ဒေါသများ ပေါက်ကွဲထွက်လာသည်။

ရှားဝူယနှင့် အခြားသူများ ထိုကဲ့သို့ ဆိုးရွားသော အတွေ့အကြုံမျိုးနှင့် ကြုံတွေ့နေရမည်ဟု သူမမျှော်လင့်ထားခဲ့ပေ။။

ယနေ့သူသာ တိုင်လီမြို့တော်သို့ မရောက်ရှိခဲ့ပါက ရှားဝူယက ယခုလို ကြုံတွေ့ရသည့် အရာတွေကို သိရှိခဲ့မည် မဟုတ်သလို သူမ၏ဘဝက မည်မျှ ထပ်မံ၍ ဆိုးရွားမည် ဆိုတာကို မခန့်မှန်းရဲချေ။

" ဒါဆိုရင် သွေးအင်းဆက် နတ်ဆိုးနဲ့ အဘိုးကြီးဒီဘိုင်က တိုင်လီမြို့တော်မှာ ရှိနေတာပေါ့ "

ချင်းချန် မတ်တပ်ထရပ်လိုက်ပြီး လေးနက်သော အသံဖြင့်ပြောလိုက်၏။

သူယခုအချိန်တွင် သွေးအင်းဆက်နတ်ဆိုးတို့၏ အခြေအနေအမှန်အကန်ကို သိချင်နေပြီဖြစ်သည်။

" စီစဥ်ထားတဲ့ အစီအစဥ်အရဆိုရင်တော့ လူတိုင်းက တိုင်လီမြို့တော်မှာ လာပြီးတွေ့ဆုံဖို့အတွက် စီစဥ်ထားကြတာပဲ၊ တရားဥပဒေ စိုးမိုးရေးခန်းမက မတုံ့ပြန်နိုင်ခင် အကုန်လုံး ကမန်းကတန်း ထွက်လာခဲ့ရတာဆိုတော့ အခုအချိန်အထိ အဆက်အသွယ်ပြတ်နေပြီးတော့ အကြီးအကဲ သွေးအင်းဆက်နတ် ဆိုးတို့ တိုင်လီမြို့တော်မှာ ရှိမရှိဆိုတာကိုတော့ မသိရသေးပါဘူး "

ရှားဝူယ မချိပြုံးပြုံးကာ ခေါင်းခါရမ်းပြီး ပြောလိုက်၏။

" သွေးအင်းဆက်နတ်ဆိုးက မင်းတို့အားလုံးကို တိုင်လီမြို့တော်မှာ ဘာလို့လာပြီး စုစည်းခိုင်းတာလဲ "

ချင်းချန် ထိုအချက်အား ပဟေဋ္ဌိ ဖြစ်နေခဲ့သည်။

တိုင်လီမြို့တော်က သိုင်းကုန်းမြေတိုက်ကြီး၏ ဒုတိယအလွှာတွင် တည်ရှိနေကာ ပထမအလွှာကနေ ဒုတိယအလွှာအထိကို လာရောက်ရန်က သူတို့အတွက် လွယ်ကူသော အရာမဟုတ်ပေ။

" သခင်လေးချန်က ရှေးဟောင်းဟင်းလင်းပြင်ကမ္ဘာမှာ သေဆုံးသွားတယ်ဆိုတဲ့သတင်းကို ငါတို့လဲ ရရှိခဲ့တယ်၊ ဒါပေမဲ့ သခင်လေးချန်က ဘယ်တော့မှ မသေဘူးလို့ သွေးအင်းဆက်နတ်ဆိုးက ယုံကြည်ထားတယ်၊ ငါတို့အားလုံးက သခင်လေးချန်ကိုလဲ ပွင့်ပွင့်လင်းလင်းရှာလို့မရဘူး၊ သခင်လေးချန်သာ မသေဘူးဆိုရင် သေချာပေါက် မိုးကြိုးပင်လယ်ကို လာလိမ့်မယ်လို့ အကြီးအကဲသွေးအင်းဆက်နတ်ဆိုးက ပြောခဲ့တယ်၊ ဒါကြောင့် အားလုံးကို တိုင်လီမြို့တော်ကို ချိန်းဆိုလိုက်တာပဲ၊ သခင်လေးချန်က တကယ် ရောက်လာ လိမ့်မယ်လို့တော့ မမျှော်လင့်ထားမိဘူး "

ထိုသို့ပြောကာ ရှားဝူယ၏ မျက်လုံးတွင် မျက်ရည်များ ကျဆင်းလာ၏။

ချင်းချန်သာ သူမအား ကယ်ဆယ်ဖို့မလာခဲ့လျှင် သူမ၏ အနာဂါတ်က တွေးတောင် မတွေးကြည့် ရဲတော့ချေ။

" သွေးအင်းဆက်နတ်ဆိုး "

ချင်းချန်၏ နှလုံးသားများ တုန်ခါသွား၏။ သွေးအင်းဆက်နတ်ဆိုးက သူ့အား ဤမျှအထိ ယုံ ကြည်နေလိမ့်မည်ဟု မမျှော်လင့်မထားခဲ့ပေ။

သွေးအင်းဆက်နတ်ဆိုး ထိုကဲ့သို့ ထင်မှတ်သွားသည်မှာ သူ၏ သွေးမျိုးဆက်က မိုးကြိုးသွေးမျိုး ဆက်ဆိုတာကို သူကောင်းကောင်းသိလို့ ဖြစ်ရ

ပေမည်။ ထို့အပြင် သွေးအင်းဆက်နတ်ဆိုးသည် သူ့ထံတွင် မိုးကြိုးပင်လယ်နှင့် သက်ဆိုင်သော လျှို့ဝှက်စာလိပ်တစ်လိပ် ရှိသည်ဆိုတာလည်း သိရှိထား၏။ ထို့ကြောင့် သူက မိုးကြိုးပင်လယ်ကို သေချာပေါက် လာမည်ဟု သူယုံကြည်နေခြင်း ဖြစ်ရပေမည်။

သွေးအင်းဆက်နတ်ဆိုး ထင်ထားသကဲ့သို့ သူသည်လည်း အမှန်တကယ် မိုးကြိုးပင်လယ်သို့ ရောက်လာ၏။ သို့သော် သွေးအင်းဆက်နတ်ဆိုးက မည်သည့်နေရာသို့ ရောက်ရှိနေခဲ့သနည်း။

ချင်းချန် တိတ်ဆိတ်နေခဲ့ပြီး သွေးအင်းဆက်နတ်ဆိုးနှင့် အခြားသူများ အကုန်လုံးကို သေချာ ပေါက်တွေ့အောင်ရှာမည်ဟု ကျိန်ဆိုလိုက်သည်။

သို့သော် ယခုအချိန်တွင် အရေးအကြီးဆုံးမှာ ရှားဝူယနှင့် အတူဖမ်းဆီးခံရသော ချန်ဒီခန်းမ၏ တပည့်များကို ကယ်တင်ရန်ဖြစ်၏။

" ဒါနဲ့ မင်းတို့ထဲက အခြားသူတွေကလဲ ဒီနေရာမှာ ဖမ်းဆီးခံထားရတယ်လို့ ပြောတယ်၊ ကျန်တဲ့လူတွေက ဘယ်မှာလဲ "

ချင်းချန် ချက်ချင်း မေးမြန်းလိုက်သည်။

ရှားဝူယ ရုတ်ချည်း စိတ်အားထက်သန် သွားခဲ့ကာ ...

" သူတို့က ကျွန်စျေးကွက်ထဲမှာ အခုချိန်အထိ ရှိသေးတုန်းပဲ၊ ငါ့ရဲ့နဝမမြောက်အစ်ကို ရှားဝူရှန်လဲ အဲ့ဒီနေရာမှာပဲ၊ ဒါပေမဲ့ အခု ငါက အဲ့ဒီနေရာက ထွက်လာတာ သုံးလလောက်ရှိပြီဆိုတော့ ဘာတွေဖြစ်နေမလဲဆိုတာ သေချာ မသိတော့ဘူး "

***

သိုင်းပါရဂူ
စာစဉ် ( ၁၀၀ )
အပိုင်း ( ၁၉၅၂ )

ရှားဝူရှန်သည်လည်း ချင်းချန်နှင့် ရင်းနှီးသော သူတစ်ယောက်ဟု ဆိုရပေမည်။ အနက်ရောင် မရဏာရွှံ့နွံတောနှင့် ကောင်းကင်ဘုံ နတ်ဆိုး လျှို့ဝှက်နယ်မြေထဲတွင် ရှားဝူရှန်သည်လည်း ပါဝင်သော သူတစ်ယောက်ဖြစ်လေ၏။

ယခုရှားဝူရှန်နှင့် အခြားသူများက ကျွန်စျေးကွက်တွင် ရှိနေသေးသည်။ တစ်ခြားမေးခွန်းများ မေးရန်အတွက် သူ့တွင်အချိန်မရှိတော့ပေ။ ချက်ချင်းပင်ထရပ်လိုက်ကာ ...

" လာဟိုယွမ် ကျွန်စျေးကွက်ကိုသွားပြီးတော့ ငါတို့ရဲ့လူတွေကို ကယ်တင်ရမယ် "

ဖူရှန်းဂေါင် ထရပ်လိုက်ပြီး ချက်ချင်းပင် ချင်းချန်နှင့်အတူ အခန်းထဲမှ ထွက်ခွာလိုက်၏။

ချင်းချန်တို့အဖွဲ့ ပြန်လည်ထွက်ခွာသွားသည်ကို မြင်လျှင် စားသောက်ဆိုင်ပိုင်ရှင်က အလွန် စိတ်လှုပ်ရှားသွားကာ သူကိုယ်တိုင် တလေးတစားပင်

ချင်းချန်တို့အား ဆိုင်အဝအထိ လိုက်လံပို့ဆောင်လေ၏။

ချင်းချန်တို့အား ဤနေရာတွင် လက်ခံထားခြင်းက လန်ကျောင်းကုန်သည်ကြီးများအသင်းကို မျက်စိဆံပင်မွေး ဆူးသွားစေမည် ဖြစ်သည်။

တိုင်လီမြို့တော်က အလွန်ပင်ကြီးမားသော်လည်း သတင်းပျံ့နှံ့မှုအရှိန်က မြန်ဆန်လွန်းလှ၏။ ချင်းချန်တို့အဖွဲ့စားသောက်ဆိုင်က ထွက်လာသည်နှင့် ကျွန်ဈေးကွက်သို့ မသွားရသေးခင်

" အုန်း "

ကြောက်မက်ဖွယ်ကောင်းသော အော်ရာတစ်ခုက သူတို့၏အရှေ့တွင် ဆင်းသက်လာ၏။ ထိုအော်ရာနှင့်အတူ နောက်ထပ်သန်မာသည့် ကျင့်ကြံသူများကလည်း ထိုသူ၏နောက်တွင် ပါဝင်လာသည်။ ခေါင်းဆောင်သောသူက အသက်ငါးဆယ်သို့မဟုတ် ခြောက်ဆယ်ခန့်ရှိသော အဘိုးကြီးတစ်ဦးဖြစ်ကာ ချင်းချန်တို့အား စူးရှစွာဖြင့် စိုက်ကြည့်နေ၏။

ထိုလူသည် ကိုးကောင်းကင် သိုင်းဧကရာဇ် နှောင်းပိုင်း အထွတ်ထိပ်အဆင့်ဖြစ်ကာ သူ၏ခန္ဓာကိုယ်မှ သတ်ဖြတ်ခြင်းအော်ရာများက ပြင်းထန်စွာ ထွက်ပေါ်နေသည်။ လူတိုင်းက သူ့အားကြည့်လိုက်သည်နှင့် စိတ်ဝိညာဥ်များ အေးခဲသွားစေသော အ ငွေ့အသက်များက သူ၏ခန္ဓာကိုယ်တွင် ရစ်သိုင်းနေခဲ့လေ၏။

သေချာတာတစ်ခုမှာ ထိုသူက လူအသက်များကို ပုရွက်ဆိတ်လေးလို သဘောထားကာ ရက် ရက်စက်စက် သတ်ဖြတ်သော လူတစ်ယောက်ဖြစ်သည်မှာ ကျိန်းသေလှသည်။

သူ၏အနောက်တွင် သတ်ဖြတ်ခြင်းအငွေ့အသက်များ ပြည့်နှက်နေသော သန်မာသည့် ကျင့်ကြံသူ များစွာရှိပြီး ၎င်းတို့ထဲကတစ်ယောက်က တုလီ

ဖြစ်၏။ သူ၏မျက်လုံးက လင်းယုန်မျက်လုံးကဲ့သို့ စူးရှစွာဖြင့် ချင်းချန်တို့အား ကြည့်နေသည်။

" ငါ့သမီးကို သတ်လိုက်တဲ့သူတွေက မင်းတို့လား "

ထိပ်ဆုံး၌ ဦးဆောင်နေသော အဘိုးကြီးက ချင်းချန်အား စိုက်ကြည့်ကာ မေးလိုက်၏။

ချင်းချန်တို့ တစ်ဖွဲ့လုံး ထိုသူများ၏ အငွေ့အသက်အော်ရာများကို မကြောက်ရွံ့သော်လည်း ရှားဝူယကတော့ ထိုသူများ၏ အငွေ့အသက်အော်ရာကြောင့် ချက်ချင်း မျက်နှာက ဖြူဖျော့သွားကာ အနောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်လိုက်ရသည်။

ထိုသူက လန်ကျောင်းကုန်သည်ကြီးများ အသင်း၏ ဒုဂိုဏ်းချုပ် ရှောင်းယင်၏ဖခင် ရှောင်းမန်ဖြစ်၏။

လန်ကျောင်းကုန်သည်ကြီးမှ လူများအားလုံးက အင်အားအပြည့်ဖြင့် သတ်ဖြတ်လိုစိတ်များ ပြင်း ထန်စွာ ရောက်ရှိလာခြင်း ဖြစ်သည်။

သန်မာသော ကျင့်ကြံသူများသည် ချက်ချင်းပင် လူခွဲလိုက်ကာ ချင်းချန်တို့အုပ်စုကို ဝန်းရံလိုက်၏။

ပတ်ဝန်းကျင်ရှိလူများနှင့် စားသောက်ဆိုင်မှ လူများအားလုံး ဆိုင်အပေါက်ဝသို့ထွက်ကာ ပွဲကြီး ပွဲကောင်းကို ကြည့်ရှုရန် နေရာယူလိုက်ကြသည်။

ဒုဂိုဏ်းချုပ် ရှောင်းမန်က သူရောက်ရှိလာသည့် အချိန်တွင် ချင်းချန်တို့အညး မည်သည့်ပြန်လည် ချေပခွင့်မှမပေးပဲ တိုက်ရိုက်တိုက်ခိုက်မည်ဟု သူတို့ထင်၏။ သို့သော် ဒုဂိုဏ်းချုပ်ရှောင်မန် ရောက်ရှိလာသည့်အချိန်တွင် သူ့သမီးအား သတ်ဖြတ်သွားသော လူများကို တွေ့ရှိသော်လည်း လှုပ် ရှားခြင်း

မရှိပဲ အကဲခတ်နေသည်ကို တွေ့ရှိလိုက်ရသည်။

ထိုအရာက ရှောင်းမန်၏ ပုံစံနှင့် လုံးဝမတူညီချေ။ ရှောင်းမန်သည် ရုပ်ရည်က အလွန် ရက် စက်ကြမ်းကြုတ်သလို သူ၏စိတ်ထားကလဲ ရက်စက်ကြမ်းကြုတ်လွန်းလှ၏။ သို့သော် လူတိုင်းသိရှိသည်က ရှောင်းမန် အလွန် လိမ္မာပါးနပ်သော လူတစ်ယောက် ဖြစ်သည်ဆိုတာကို ဖြစ်သည်။ ထိုကဲ့သို့သာ မလိမ္မာ မပါးနပ်ပါက သူ လန်ကျောင်းကုန်သည်ကြီးများ အသင်း၏ ဒုဂိုဏ်းချုပ်တစ်ယောက်ရာထူးကို ရယူထားနိုင်မည် မဟုတ်ပေ။

သူ၏ သမီးသေဆုံးသွား၍ အလွန်ဒေါသထွက်သော်လည်း သူ၏စိတ်ထဲတွင် သတိကလည်း အပြည့်ရှိ၏။

တစ်ဖက်လူက သူ၏သမီးကို တိုင်လီမြို့တော် မြို့လယ်ခေါင်တွင် သတ်ပစ်ဖို့အတွက် သတ္တိရှိခဲ့သည့် သူများ ဖြစ်သည်။ ထိုသူများ ဤကဲ့သို့လုပ်ရဲသည့် ယုံကြည်ချက်က မည်သည့်အရာလည်း ဆိုတာကို သူမသိရှိသေးချေ။

သူသည် ယခုအချိန်အထိ မရေတွက်နိုင်သော လူပေါင်းများစွာကို သတ်ဖြတ်လာခဲ့သည့် လူဖြစ်သော်လည်း ထိုသူများကို သတိကြီးကြီးထားကာ သတ်ဖြတ်ခဲ့ခြင်း ဖြစ်၏။ သူ့အား ပြန်လည်၍ ဒုက္ခပေးလာ နိုင်သော သူများကို မည်သည့်အခါမှ သတ်ဖြတ်ခဲ့ခြင်းမရှိပေ။

သူ၏ သမီးက အရေးကြီးသော်လည်း သူ့တွင် သားသမီးပေါင်း မြောက်များစွာ ရှိ၏။ သူ၏ အသက်ကတော့ တစ်သက်သာ ရှိသည်။

" ဟုတ်တယ် မင်းရဲ့ သမီးဘယ်သူ ရှောင်းယင်ဆိုတာ ဟုတ်လား သူ့ကိုငါ သတ်လိုက်တာပဲ၊ အခုမင်း ဘာလုပ်ချင်တာလဲ လုပ်စရာရှိတာလုပ်လိုက် စကားအပိုတွေမပြောနဲ့တော့ မလုပ်ဘူးဆိုလဲထွက်သွား၊ ငါတို့ကိုထပ်တားရင်း မင်းတို့လန်ကျောင်းကုန်သည် ကြီးများအသင်းကို ဖျက်ဆီးလိုက်တဲ့ အခါကျမှ ငါတို့ကို အပြစ်မတင်နဲ့ "

ချင်းချန် ရှောင်းမန်ရောက်ရှိလာသည်နှင့် တိုက်ခိုက်မည်ဟု ထင်ခဲ့သော်လည်း ထိုသူက သူ့အား အကဲခတ်ကာ စမ်းသပ်နေ၏။

ထိုလူ ဘာတွေတွေးနေလည်း ဆိုတာကို သူသိရှိသော်လည်း ထိုသူနှင့် အချိန်ဖြုန်းရန် စိတ်ဝင်စားခြင်းမရှိပေ။

ချင်းချန်က လန်ကျောင်းကုန်သည်ကြီးများ အသင်းကို ဖျက်ဆီးမည်ဟု တိုက်ရိုက် ပြောသည်ကို ကြားသောအခါ အနီးအနားတွင်ရှိနေသော လူများ၏ မျက်နှာအမူအရာ ပြောင်းလဲသွားကြသည်။

တိုင်လီမြို့တော်တွင် လန်ကျောင်းကုန်သည်ကြီးများ အသင်းက နံပါတ်တစ် ကုန်သည်ကြီးများ အ သင်းဖြစ်၏။

ထိုကုန်သည် ကြီးများအသင်း၏ ဂိုဏ်းချုပ်က အထွတ်ထိပ်အဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်ကာ သူ၏လက်အောက်တွင် သန်မာသော ကိုးကောင်ကင် သိုင်းဧကရာဇ် ကျင့်ကြံသူပေါင်း မြောက်များစွာ ရှိသည်။

လန်ကျောင်းကုန်သည်ကြီးများ အသင်းမှ သန်မာသော ကျင့်ကြံသူများအားလုံး ချင်းချန်၏ စကားကိုကြားသောအခါ သူတို့ ပိုပြီးဒေါသထွက်သွားကြ၏။

" ဒုဂိုဏ်းချုပ် ဒီကောင်နဲ့ စကားအပိုတွေပြောမနေနဲ့၊ စကားတွေပြောနေလဲ အပိုပဲရှိမှာ၊ ဒီလက်အောက် ငယ်သားကို သတ်ခွင့်ပေးပါ၊ တိုင်လီမြို့တော်ကို ရောက်လာတဲ့ လူသစ်လေးတွေက လန်ကျောင်းကုန်သည်ကြီးများ အသင်းရဲ့ ဂိုဏ်းသိက္ခာကို စော်ကားလို့ရတယ်လို့ ထင်နေကြတယ် "

" အခုဆို လမ်းဘေးက ခွေးတွေကြောင်တွေတောင် လန်ကျောင်းကုန်သည်ကြီးများ အသင်းရဲ့ ခေါင်းပေါ်ကို ချီးတက်ပါချင်နေကြပြီ၊ ဒီနေ့ လန်ကျောင်း ကုန်သည်အဖွဲ့အစည်းရဲ့ အကြောင်းကို ပြရသေးတာပေါ့ "

သိပ်ကြာသေးခင်ကပင် မျက်နှာဖုံးဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်က လန်ကျောင်းကုန်သည် ကြီးများအသင်း၏ တာဝန်ခံတစ်ယောက်ကို မြို့တံခါးဝရှေ့တွင် သတ်ဖြတ်ခဲ့၏။ ယခုတွင်လည်း နောက်တစ်ယောက်က သူတို့လန်ကျောင်း ကုန်သည်ကြီးများအသင်းမှ ဒုဂိုဏ်းချုပ်တစ်ယောက်၏ သမီးကို လူလယ်ခေါင်တွင် ထပ်မံ၍ သတ်ခဲ့ပြန်သည်။

လန်ကျောင်းကုန်သည်ကြီးများအသင်းက ထိုအရာများကို ဆက်လက်သည်းခံနေပါက တိုင်လီမြို့တွင် ရှေ့ဆက်လျှောက်ပြီးတော့ ရပ်တည်ရန်အတွက် အလွန်ပင် ခက်ခဲသွားမည် ဖြစ်၏။

ထို့ကြောင့် ဒုဂိုဏ်းချုပ်ရှောင်းမန်၏ အမိန့်ကိုပင် မစောင့်တော့ပဲ သူ၏လက်ထဲတွင် အနက်ရောင် ဓားတစ်ချောင်း ထွက်ပေါ်လာသည်။

ထိုအနက်ရောင်ဓားတွင် ကြောက်မက်ဖွယ် သွေးအလင်းတန်းများ ထွက်ပေါ်လာကာ ချင်းချန်ဆီသို့ တိုက်ရိုက်ပင် ပြေးဝင်လာ၏။

ဓားကလေထုကို ပြင်းထန်စွာပိုင်းဖြတ်သွားပြီး မရေတွက်နိုင်သော လေဟာနယ်အက်ရာကို ထင်ကျန်စေခဲ့သည်။

သွေးရောင်အလင်းတန်းကြီးက လျှပ်စီးအလား လျင်မြန်သောအရှိန်ဖြင့် ချင်းချန်ဆီသို့ ပြေးဝင်လာ၏။

ဤပြင်းထန်သော တိုက်ကွက်အရှိန်အဟုန်ကြောင့် ပတ်ဝန်းကျင်ရှိ လူများအားလုံး အံ့သြသွားကြသည်။ ထိုသူသည် အစောပိုင်းကိုးကောင်းကင်သိုင်းဧကရာဇ် အထွတ်ထိပ်အဆင့် ကျင့်ကြံသူဖြစ်သော်လည်း ချင်းချန်တို့ကို တိုက်ခိုက်လိုက်သော ခွန်အားက ထိုထက်ပိုပြီး အားကောင်းနေခဲ့လေ၏။

အနက်ရောင်ဓားမှ ထွက်ပေါ်နေသည့် သွေးအော်ရာက ကြည့်ရှုနေသော

လူများအားလုံးကို မီတာရာနှင့် ချီအနောက်သို့ ဆုတ်ခွာသွားရစေသည်။

ထိုသွေးအော်ရာက အလွန်ပင်ရက်စက် ကြမ်းကြုတ်လှကာ သူတို့၏ စိတ်ဝိညာဉ်များကိုပင် ဝါးမြိုတော့မတတ် ခံစားချက်ကို ခံစားလိုက်ကြရ၏။

" ဧကရာဇ်ဝူထိုင်လီက နာမည်ကျော်ကြားသလို သူ့ရဲ့အနက်ရောင်သွေးဓားက တော်တော်လေးကို ကြောက်စရာကောင်းတယ်၊ ဟိုကောင်လေးက ဒီတိုက်ကွက်ကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့၊ သူက ကံကောင်းထောက်မပြီးတော့ ဧကရာဇ်ဝူထိုင်လီကို အနိုင်ယူခဲ့ရင်တောင် ဂိုဏ်း ချုပ်ရှောင်းမန်ရဲ့ လက်ထဲမှာ သေဆုံးရမှာပဲ "

" အဘိုးကြီးဒီဘိုင် လုပ်လိုက် "

ဧကရာဇ်ဝူထိုင်လီ၏ တိုက်ကွက်အား တွေ့လိုက်သောအခါ ချင်းချန်က ဖူရှန်းဂေါင်အား အမိန့်ပေး လိုက်ပြီး သူကတော့ လှုပ်ရှားလိုက်ခြင်းမရှိပေ။

" အဘိုးကြီးဒီဘိုင် "

ပတ်ဝန်းကျင်ရှိ လူများအားလုံး အံ့အားသင့်သွား၏။ ထိုနာမည်အား သူတို့တစ်ခါမှ ကြားဖူးခြင်းမရှိပေ။

ဖူရှန်းဂေါင် သွေးအန်ချင်လောက်အောင် စိတ်ဓာတ်ကျသွား၏။ သူ ချင်းချန် ထိုသို့ခေါ်လိုက်သော အကြောင်းပြချက်ကို နားလည်လေသည်။ ချင်းချန်သည် လက်အောက်ငယ်သား နှစ်ယောက်ရှိကာ တစ်ယောက်က သွေးအင်းဆက်နတ်ဆိုးနှင့် နောက်တစ်ယောက်က ကရုဏာမဲ့အ ဘိုးအို ဒီဘိုင် ဟု ခေါ်၏။ ထိုနှစ်ယောက်သာ ဤနေရာသို့ ရောက်ရှိနေမည်ဆိုလျှင် ဤနာမည်က သူတို့ကို ချက်ချင်းဆွဲဆောင်သွားမည်မှာ သေချာသည်။

စိတ်ဓာတ်ကျစွာဖြင့် ဖူရှန်းဂေါင် သူ၏လက်တစ်ဖက်အားမြှောက်ကာ လက်သီးတစ်လုံးကို ထိုးထုတ်လိုက်၏။

" အုန်း "

လူတိုင်း၏ မျက်လုံးအောက်တွင်ပင် ဧကရာဇ်ပူထိုင်လီ၏ အနက်ရောင်ဓားက တစ်စစီကြေမွသွားခဲ့ကာ ဖူရှန်းဂေါင်၏ လက်သီးက ဧကရာဇ်ပူထိုင်လီ၏ ခန္ဓာကိုယ်သို့ ထိမှန်သွားသည်။

***